လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter    သတင်းလွှာ    May 2024

# ရာသီဥတုဖြစ်စဉ်များကြောင့် ထိခိုက်ခံရနိုင်မှုလျော့ပါးစေရေးဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ခြင်း



**၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်** **နေပြည်တော်**

ပြင်းထန်သော ရာသီဥတု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်မှုကြောင့် ထိခိုက်ခံရနိုင်မှုများ လျော့ပါးစေရေးအတွက်အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ လတ်တလောလိုအပ်နေသည့် သောက်သုံးရေထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အပူဒဏ်ကြောင့် ထိခိုက်မှုများလျော့ပါးစေရန် အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်းတို့ကိုဆောင်ရွက်နိုင်ရန် **“ရာသီဥတုဖြစ်စဉ်များကြောင့် ထိခိုက်ခံရနိုင်မှု လျော့ပါးစေရေးဆိုင်ရာ လုပ်ငန်းစီမံချက်”** စတင် အကောင်အထည်ဖော်ခြင်း အခမ်းအနားကို (၂-၅-၂၀၂၄)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ကမ္ဘာကြီး ပိုမိုပူနွေးလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ်ရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ပွားလာခြင်း၊ သက်ရောက်မှုကြီးမားပြင်းထန်လာခြင်းတို့သည် သစ်တောသစ်ပင်များ ပြုန်းတီးခြင်း၊ အမှိုက်မီးရှို့ခြင်းစသည့် လူသားများ၏ ပယောဂများကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးကြိုးဘေးများကြောင့် ဘေးသင့်သူများကို ထောက်ပံ့ခြင်း၊ သောက်သုံးရေထောက်ပံ့မှုနှင့် အပူရှောင်စခန်းဖွင့်လှစ်ခြင်းတို့ကို ယခင်နှစ်များကပင် ဆောင်ရွက်နေခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး

နှစ်အတွင်း လေပြင်းတိုက်ခတ်မှု (၆၆၁) ကြိမ်အပါအဝင် သဘာဝဘေးအန္တရာယ် စုစုပေါင်း (၂၀၁၆) ကြိမ်ကြောင့် ဘေးသင့်ခဲ့သူများအတွက်အိမ်ဆောက်ပစ္စည်းဖိုးကယ်ဆယ်ရေးပစ္စည်း၊ ဆန်ရိက္ခာဖိုး၊ ဒဏ်ရာရ/သေဆုံးစသဖြင့် ထောက်ပံ့တန်ဖိုး စုစုပေါင်းငွေကျပ် (၄၅၅၀.၈၃၅) သန်း ရှိခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုသည် တားဆီး၍ မရသဖြင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းအောင် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားရှိသည့်အတွက် လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူဆောင်ရွက်ကြရမှာဖြစ်သည့်အပြင် နိုင်ငံအတွင်း ပြဋ္ဌာန်း ထားသည့် ဥပဒေ၊ နည်းဥပဒေများတွင် ဖေါ်ပြထားပြီးဖြစ်သည့်အတွက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများ လတ်တလောသက်သာစေရေးအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်နေသည့်အပြင် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် လျော့ပါးစေရေးဆိုင်ရာလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အပူချိန် မြင့်မားတတ်သော ကာလများတွင် အပူဒဏ် လျော့နည်းသက်သာစေရေးအတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ အပူရှောင်စခန်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂၀) ခု၊ မကွေးတိုင်းဒေသကြီး (၂၄)ခု၊ စုစုပေါင်း (၄၄) ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း (၄) ခုနှင့် ရှမ်းပြည်နယ်တွင် (၂) ခုဖွင့်လှစ်မှာဖြစ်ပြီး လိုအပ်ပါက ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်၍ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိသက်ရောက်စေရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားလိုပါကြောင်း ပြောကြားခဲ့ပါသည်။




**ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ် (၄) ခုတွင် ဖြစ်ပွားခဲ့သော လေဘေးသင့်သူများအား ထောက်ပံ့ခြင်း**



**၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်** **နေပြည်တော်**

ပြည်ထောင်စုနယ်မြေအတွင်း ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လေဘေးသင့်သူများအား ထောက်ပံ့ခြင်းအခမ်းအနားကို (၂-၅-၂၀၂၄) ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်စုကျေးရွာနှင့် ဇေယျာသီရိမြို့နယ်၊ ပုပ္ပါးကုန်းရပ်ကွက်၊ ဝိဇ္ဇာသိပ္ပံဘုန်းကြီးကျောင်းတို့တွင်အသီးသီးကျင်းပခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၂) ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းကျပ် (၁၁၈) သိန်းကျော်နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး (၂၄) အိမ်ထောင်စာ၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ထောက်ပံ့ငွေကျပ်(၆၄)သိန်းနှင့် ဆန်(၃) အိတ်၊ စားသုံးဆီ (၁၂၂) ပိဿာတို့ကို ထောက်ပံ့ခဲ့ပါသည်။

## ဘေဂျင်းလုပ်ငန်းစီမံချက်၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် နိုင်ငံအဆင့်လေ့လာသုံးသပ်မှုအစီရင်ခံစာ BPFA + 30 တင်သွင်းနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



**၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက်** **နေပြည်တော်**

ဘေဂျင်းလုပ်ငန်းစီမံချက်၏ လုပ်ငန်းနယ်ပယ်(၁၂) ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် နိုင်ငံအဆင့်လေ့လာသုံးသပ်မှုအစီရင်ခံစာ BPFA+ 30 တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို (၁၇-၅-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီနှင့် NSPAW ရေးသားရေး ဦးဆောင်ကော်မတီတို့၏ လမ်းညွှန်ချက်နှင့်အညီ NSPAW ရေးသားရေး လုပ်ငန်းကော်မတီ (၁၂) ရပ်တွင်ပါဝင်သော ဌာနဆိုင်ရာ/အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး BPFA + 30 နိုင်ငံအဆင့် အစီရင်ခံစာရေးသားပြုစုနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့်လုပ်ငန်းစီမံချက်သည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ကျား-မရေးရာတန်းတူညီမျှရေးကို မြှင့်တင်အားပေးသည့် ဦးစားပေးလုပ်ငန်းနယ်ပယ် (၁၂) ရပ်ပါရှိသော ပြည့်စုံမှုရှိသည့် ကမ္ဘာလုံးဆိုင်ရာ မူဝါဒရေးရာလမ်းညွှန်မှုဘောင်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်အရ လုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံလုံး ဆိုင်ရာအမျိုးသမီးကော်မတီ (Myanmar National Committee on Women-MNCW) ကို မူဝါဒပိုင်း

ဆိုင်ရာ ကတိကဝတ်များ ပိုမိုအားကောင်းလာစေရန် အတွက် ဒုတိယဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များနှင့် ပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော် အဆင့်မဟာဗျူဟာ စီမံကိန်း(၂၀၁၃-၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပြီး ယခုအခါ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ယခင်က ၂၀၁၄-၂၀၁၉ ခုနှစ်အထိ (၅) နှစ်တာကာလအတွင်း Beijing Platform for Action – BPFA အား အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ နိုင်ငံအဆင့်အစီရင်ခံစာ BPFA + 25 ကို United Nations Economic and Social Commission for Asia and the Pacific - UNESCAP သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့ တွင် တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ BPFA + 30 အစီရင်ခံစာ ကို ၂၀၁၉ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ မြန်မာနိုင်ငံ၏ Beijing Declaration and Platform for Action (BPFA) အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များအား ရေးသားပြုစုကာ တင်သွင်းမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေး၊ကာကွယ်စောင့်ရှောက်ရေး၊ ပါဝင်ဆောင်ရွက် ခွင့်များနှင့်ပတ်သက်၍ မိမိတို့၏ ဆောင်ရွက်ချက်များကို နိုင်ငံတကာသို့ အသိပေးနိုင်မည့် အစီရင်ခံစာဖြစ်သဖြင့် သက်ဆိုင်ရာဌာန အသီးသီးက အချက်အလက်များ ပြည့်ပြည့်စုံစုံ ဖော်ပြပေးပါရန်ဖြစ်ပါကြောင်း ပြောကြားခဲ့ ပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူ များက BPFA + 30 နိုင်ငံအဆင့် အစီရင်ခံစာ (Zero Draft) ရေးသားပြုစုထားမှု အခြေအနေနှင့် ပတ်သက်၍ ဝိုင်းဝန်း အကြံပြု ဆွေးနွေးတင်ပြခဲ့ကြပြီး BPFA အကောင်အထည် ဖော်မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် (၅)နှစ်အတွင်း နိုင်ငံ၌ ဦးစားပေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းနယ်ပယ်(၅)ရပ်နှင့် နောင်လာမည့် (၅)နှစ်အတွင်း ဦးစားပေး လုပ်ဆောင်မည့် လုပ်ငန်းနယ်ပယ် (၅) ရပ်တို့ကို ရွေးချယ်သတ်မှတ်ပေးခဲ့ ကြပါသည်။

## ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် လူငယ်သင်တန်းကျောင်းများ၏ ၂၀၂၄ ခုနှစ် နွေရာသီကာလ (မတ်၊ ဧပြီ၊ မေ) လ အတွင်း လှုပ်ရှားဆောင်ရွက်မှုများ



ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက် ရှိ မူလတန်းကြိုကျောင်းများတွင် တာဝန်ထမ်းဆောင် လျက်ရှိသော ဆရာမများအား စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံအကသင်တန်း၊ အခြေခံပန်းချီသင်တန်း၊ အခြေခံ အော်ဂင်သင်တန်းများကို (၁.၄.၂၀၂၄)ရက်မှ (၁၂.၄.၂၀၂၄) ရက်ထိ သင်တန်းတစ်မျိုးလျှင်(၃၄)ဦးဖြင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင်လည်းကောင်း၊ လူငယ်သင်တန်းကျောင်း များနှင့် အမျိုးသမီးကလေးများသင်တန်းကျောင်းတို့တွင် ဘောလုံးသင်တန်း၊ ဘော်ဘီဘောသင်တန်း၊ အကသင်တန်း၊ ပန်းချီသင်တန်း၊ ဂီတာတီးသင်တန်း၊ အခြေခံစက်ချုပ် သင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ဆပ်ပြာဆီ/ဆပ်ပြာခဲ သင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြန်/ဆက်နှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာ ပေးခြင်း၊ အသိပညာမျှဝေမှုနှင့် ဂိမ်းကစားခြင်း၊ NFPE သင်ခန်းစာများ ပြန်လည်လေ့ကျင့်ပေးခြင်း၊ ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ ရင်သားကင်ဆာရောဂါ အသိပညာ

ပေးဟောပြောပွဲ၊ မူးယစ်အန္တရာယ်အသိပညာပေး ဟောပြောပွဲများအားလည်းကောင်း နွေရာသီကာအတွင်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာန၊လူငယ်သင်တန်းကျောင်းများရှိ ကလေးများ၏ လေ့လာရေးခရီးစဉ်သွားရောက်မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သောလူငယ်နှင့် အမျိုးသမီးသင်တန်းကျောင်းများမှ ကလေးသူငယ်များအား စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ၂၀၂၄ခုနှစ်၊ နွေရာသီကျောင်းပိတ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ တပ်မတော်မော်ကွန်းတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ ဥပ္ပါတသန္တိစေတီတော်၊ မာရဝိဇယဘုရားနှင့် နေပြည်တော် ဗုဒ္ဓဂါယာများသို့ လေ့လာရေးခရီးစဉ် လာရောက်ခဲ့ကြပါသည်။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော် လူမှုဝန်ထမ်းရုံး၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား (၂၈.၅.၂၀၂၄) ရက်တွင် နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ(၂) ၌ ကျင်းပခဲ့ပါသည်။



## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်ခြင်း



လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော် လူမှုဝန်ထမ်းရုံးမှဦးဆောင်၍ အသက် (၃)နှစ်မှ (၅)နှစ်အထိ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအား (၂၈.၅.၂၀၂၄) ရက်မှ (၂၀.၆.၂၀၂၄) ရက်ထိ ဇဝနနေ့ကလေးထိန်းဌာန၏ သင်တန်း ခန်းမတွင် သင်တန်းသား(၃၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။






## မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး ကြီးကြပ်မှုအောက်ရှိ လူငယ်သင်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းသားအိပ်ဆောင်သစ် အဆောက်အဦဖွင့်လှစ်မှုမှတ်တမ်းတင်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး ကြီးကြပ်မှုအောက်ရှိ မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ လူငယ်သင်တန်းကျောင်းဝင်း အတွင်း၌ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း(၁၇၄)တန်ဖိုးရှိ ကျောင်းသားအိပ်ဆောင်သစ် (၁၂၅ x ၃၀ x ၁၂) ပေ RC (၁) ထပ် အဆောက်အဦကို (၈.၇.၂၀၂၃) ရက်မှစတင်၍ AB Companyမှ စတင်ဆောက်လုပ်ခဲ့ပြီး (၁၃.၂.၂၀၂၄) ရက်တွင် ပြီးစီးခဲ့ပါသည်။



အဆိုပါ အဆောက်အဦဖွင့်ပွဲ အခမ်းအနားကို မွန်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် (၃၀.၅.၂၀၂၄) ရက်နေ့၊ နံနက်(၈:၀၀)နာရီအချိန်တွင် လူငယ်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ မွန်ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများက “တို့ချစ်တဲ့ကမ္ဘာ”သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို နံနက် (၈:၁၅) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးကာ ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများအား အားပေးစကား ပြောကြားခဲ့ပါသည်။



အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်နှင့်ဆရာ၊ ဆရာမများ၊ သင်တန်းကျောင်းမှ ကျောင်းသားများ စုစုပေါင်းအင်အား (၁၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



(၆-၅-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် အတွင်းရှိဈေးများတွင် သဘာဝဘေးအန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား ပြည်သူများထံသို့ အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၇-၅-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် အတွင်းဈေးများနှင့် ကျေးရွာများရှိ ပြည်သူများထံသို့ သဘာဝဘေးအန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် ကြိုတင် ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန် အချက်များ အား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၉-၅-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူး ရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများ သည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြစိမ်းရောင် ကျေးရွာနှင့် နန်းတော်ဦးကျေးရွာတို့၌ သဘာဝဘေး အန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လေပြင်းဘေး အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော် ခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကိုဆောင်ရွက် ခဲ့ပါသည်။



(၉-၅-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် မိုးကြိုကာလတွင် ဖြစ်ပွားတတ် သော ဘေးများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်

သည့်အချက်များကို ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်နှင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန် Talk Show အစီအစဉ်ကို ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပဆောင်ရွက်ခဲ့ပါသည်။



(၉-၅-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ ဥတ္တရခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြင်ကြီးသာသနဝေပုလ္လသီလရှင်စာသင်တိုက်နှင့် ကျောင်းစုဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ သံဃာတော်များ၊ သီလရှင်များနှင့် ကျောင်းသား/သူ (၂၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ခဲတံနှင့် ဗလာစာအုပ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၀-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သုဇနကာရီနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတသာသနာပြုကျောင်းမှ ကျောင်းသား/သူ(၁၁၀)ဦး ခန့်အားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ခဲတံနှင့် ဗလာစာအုပ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၀-၅-၂၀၂၄)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာနှင့် ကွင်းယားကျေးရွာအတွင်းရှိ ပြည်သူများထံသို့ မိုးကြိုးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၁-၅-၂၀၂၄)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည်ရောဝတီတိုင်းဒေသကြီး၊ဝါးခယ်မမြို့နယ်၊ကျွန်းကုန်းကျေးရွာနှင့် အောက်ဥယျာဉ်စုကျေးရွာအတွင်းရှိ ပြည်သူ

များထံသို့ မိုးကြိုးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၂-၅-၂၀၂၄) ရက်နေ့တွင် ကော့သောင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များတို့၌ ပြည်သူများထံသို့ မိုးကြိုကာလတွင် ဖြစ်ပွားလေ့ရှိသော မိုးကြိုးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၁၄-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အတွင်းကျေးရွာများရှိ ပြည်သူများထံသို့ သဘာဝဘေး အန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေး အန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင် ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၄-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အတွင်းရှိကျေးရွာများ၌ သဘာဝဘေးအန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော် ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၄-၅-၂၀၂၄) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၄၊၅၊၆)ရပ်ကွက်၊ ရွှေနဒီရေပေါ်

ဈေးနှင့် ပုလဲဆိပ်တံတားတို့ရှိ ပြည်သူများထံသို့ မိုးကြိုးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၄-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မဈေး၌ နွေရာသီကာလတွင် ဖြစ်ပွားတတ်သော လေပြင်းဘေးအန္တရာယ်၊ မိုးကြိုကာလတွင် ဖြစ်ပွားတတ်သော မိုးကြိုးပစ်ခြင်းနှင့် မိုးကြိုးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား ပြည်သူများထံသို့ အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



(၁၅-၅-၂၀၂၄) ရက်နေ့တွင် အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ရှမ်းခေါင်းဖြဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ မိုးကြိုကာလတွင် ဖြစ်ပွားလေ့ရှိသော လေပြင်းဘေး

အန္တရာယ်၊မိုးကြိုးဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ဆောင်ရန်/ ရှောင်ရန် အချက်များအား ပြည်သူများထံသို့ အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၅-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ရွာတော်ဈေးနှင့် ကျည်တောင်ကန်ဈေးအတွင်းရှိ ပြည်သူများထံသို့ သဘာဝဘေးအန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၆-၅-၂၀၂၄) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇာကဒွန်းရပ်ကွက်နှင့်ဝါရီရူရပ်ကွက်အတွင်းရှိ ပြည်သူများ

ထံသို့ သဘာဝဘေး အန္တရာယ်များအနက် မိုးကြိုးဘေး အန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၆-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ တာဝဈေးရှိ ပြည်သူများ ထံသို့ မိုးကြိုကာလတွင် ဖြစ်ပွားတတ်သော လေပြင်းဘေး အန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော် ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



(၁၇-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် အတွင်း ဒက္ခိဏဈေးနှင့် ရန်အောင်မြေဈေးအတွင်းရှိ ပြည်သူများထံသို့ သဘာဝဘေးအန္တရာယ်များအနက် မိုးကြိုးဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ်နှင့် လေပြင်း ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာလိုက်လံ နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၇-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကြီးဈေးရှိ ပြည်သူ များထံသို့ မိုးကြိုကာလတွင် ဖြစ်ပွားတတ်သော လေပြင်း ဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။



(၁၈-၅-၂၀၂၄)ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊မြို့ပေါ်ရပ်ကွက်နှင့် နိဗ္ဗာန်ကျေးရွာအုပ်စု

အတွင်းရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၈-၅-၂၀၂၄)ရက်နေ့တွင်ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရပ်ကွက်၊ ကျေးရွာများနှင့် ဈေးများရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၉-၅-၂၀၂၄)ရက်နေ့တွင် ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရပ်ကွက်၊ ကျေးရွာများနှင့် ဈေးများရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၀-၅-၂၀၂၄)ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ခမောက်စုကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးလိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၀-၅-၂၀၂၄) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဈေးမသွယ်အထက်ကျေးရွာနှင့် ဈေးမသွယ်အောက်ကျေးရွာတို့ရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါ

သည်။



(၂၁-၅-၂၀၂၄)ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဒူးယားမြို့အတွင်းရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့် စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၁-၅-၂၀၂၄)ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၂-၅-၂၀၂၄) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာနှင့် (၁၀)မိုင်ကျေးရွာတို့၌ ပြည်သူများထံသို့ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၃-၅-၂၀၂၄)ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေး အန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးလိုက်လံ နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။



(၂၄-၅-၂၀၂၄)ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လေပြင်းဘေးအန္တရာယ်၊ မိုးကြိုးဘေး အန္တရာယ်တို့နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးလိုက်လံ နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။



(၂၄-၅-၂၀၂၄)ရက်နေ့တွင် ဝါးခယ်မမြို့နယ်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဦးမန်းစောဘု (မိဘမဲ့ ဂေဟာ)တွင် ဂေဟာမှူးနှင့် ဂေဟာမှကျောင်းသား/သူ (၂၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက် သော ဆောင်ရန်/ ရှောင်ရန်အချက်များ၊ မီးခိုးညစ်ညမ်းမှု များ၊ တောမီးအန္တရာယ်နှင့် ပလပ်စတစ်ညစ်ညမ်းမှုများ၊ နံရံကပ်ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၅-၅-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာတို့၌ လေပြင်းဘေး အန္တရာယ်၊ မိုးကြိုးဘေးအန္တရာယ်တို့နှင့် စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်အချက်များအား အသိပညာပေးလိုက်လံ နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း သင်တန်းဖွင့်လှစ်ခြင်း

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေး ခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၌ (၈-၅-၂၀၂၄) ရက်နေ့တွင် ဖွင့်လှစ်သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံ (မြို့နယ်အဆင့်) သင်တန်းအမှတ်စဉ် (၄/၂၀၂၄)ကို ဒက္ခိဏသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊မြောင်းမြမြို့နယ်၌(၁၄-၅-၂၀၂၄) ရက်နေ့မှ (၁၇-၅-၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို သင်တန်းသား/ သူ (၃၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း မီးဘေးထောက်ပံ့မှုများ



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၄၈၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅၉)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၂၃,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၇-၅-၂၀၂၄) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂-၅-၂၀၂၄)ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံ ခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ဝင်းစိန်ကျေးရွာအုပ်စု၊ ဝင်းစိန် ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၇)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၇-၅-၂၀၂၄)ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၆-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်ပင်စောက်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ် (၁၂) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၃၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၅၁) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀၇,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၀-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၀-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃၆)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄,၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၈၇) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၉၂,၇၀၀/-)နှင့်

ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၅-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ပေါက်မြိုင်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၃-၅-၂၀၂၄)ရက်နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ လွှစင်ကျေးရွာအုပ်စု၊ ဂါတ်ကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၃-၅-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ညောင်းဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်၊အောင်မင်္ဂလာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၈,၉၀၀/-)နှင့်ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၄-၅-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၄-၅-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကညွတ်ကွင်းကျေးရွာအုပ်စု၊ ဘဲပြာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၆-၅-၂၀၂၄) ရက်နေ့တွင် အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၈-၅-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ကညင်ကုန်းကြီးကျေးရွာ၌

မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၅,၂၀၀/-) တို့ကို (၂၀-၅-၂၀၂၄) ရက်နေ့တွင် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း လေဘေးထောက်ပံ့မှုများ



(၁-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာအုပ်စု၊ ပြင်စည်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး ဘုန်းတော်ကြီးကျောင်း (၃) ကျောင်း၊ လုံးဝပျက်စီးလူနေအိမ်(၂၀)လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၈၇) လုံးတို့အတွက် အိမ်ဆောက်/ ကျောင်း ဆောက် ပစ္စည်ဖိုး ထောက်ပံ့ငွေကျပ် (၆,၀၈၉,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၃၁) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၉၀၅,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၈-၅-၂၀၂၄)ရက်နေ့တွင် နွားထိုးကြီး မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကဘဲ့ရပ်ကွက်နှင့် ဆိပ်ကမ်းရပ်ကွက်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ လုံးဝပျက်စီးလူနေအိမ်(၃)လုံးနှင့်တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်(၁၆)လုံးတို့အတွက်အိမ်ဆောက်/ကျောင်းဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၈၇၀,၂၀၀/-)၊ ဘေးသင့် လူဦးရေ(၅၀)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကျပ် (၁၀၅,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ ကို (၂၄-၅-၂၀၂၄) ရက်နေ့တွင် သပိတ်ကျင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ပျော်ဘွယ်မြို့နယ်၊ ကျေးရွာအုပ်စု(၂၁)စု၊ ကျေးရွာ(၁၁)ရွာတို့၌ လေပြင်းတိုက်ခတ်ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးဘုန်းတော်ကြီးကျောင်း (၂) ကျောင်း၊ စာသင်ကျောင်း (၃) ကျောင်း၊ လုံးဝပျက်စီး လူနေအိမ် (၂) လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၆၅) လုံးတို့ အတွက် အိမ်ဆောက်/ကျောင်းဆောက်ပစ္စည်ဖိုးထောက်ပံ့ ငွေကျပ် (၃,၅၁၈,၅၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀၀) ဦးတို့ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၂၀,၀၀၀/-)နှင့်

ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၃-၅-၂၀၂၄) ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအုပ်စု၊ ပြည်ညောင်ကျေးရွာ၌ လေပြင်းတိုက်ခတ်ကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ (၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈,၄၀၀/-)၊ သေဆုံးသူ (၂) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဒဏ်ရာရသူ (၁၁) ဦးအတွက် ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၆-၅-၂၀၂၄) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရပ်ကွက် (၂) ရပ်ကွက်၊ ကျေးရွာအုပ်စု (၃) စု၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၁၀,၈၀၀/-)၊ ဘေးသင့်လူဦးရေ(၂၉)ဦးတို့အတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၀,၉၀၀/-)တို့ကို (၉-၅-၂၀၂၄) ရက်နေ့တွင် မလှိုင်မြို့နယ်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ သာယာဝတီရပ်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)တို့ကို (၃-၅-၂၀၂၄)ရက်နေ့တွင်ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ကျေးရွာအုပ်စု

(၉) စုမှ ကျေးရွာ (၁၇) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၄၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၁,၉၆၉,၇၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၇၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၅၇,၀၀၀ိ/-) တို့ကို (၆-၅-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ရပ်ကွက် (၃) ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၀) စုမှ ကျေးရွာ(၂၅) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် (၅၈) လုံးနှင့် စာသင်ကျောင်း (၃) ကျောင်းတို့အတွက် အိမ်ဆောက်/ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂,၈၁၉,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၂၄၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၅၁၂,၄၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၂-၅-၂၀၂၄) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရပ်ကွက် (၃) ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၃) စု၊ ကျေးရွာ (၄၂) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် (၂၃၉)လုံးနှင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းတို့အတွက် အိမ်ဆောက်/ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၂,၃၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၇၄၈) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁,၅၇၀,၈၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၃-၅-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂-၅-၂၀၂၄)ရက်နေ့တွင်ကရင်ပြည်နယ်၊သံတောင်ကြီးမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၄,၇၀၀ိ/-)တို့ကို (၇-၅-၂၀၂၄) ရက်နေ့တွင် သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၂-၅-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၂၄) လုံး၊ ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းနှင့် တစ်စိတ်တစ်ပိုင်း

ပျက်စီးလူနေအိမ် (၁၅၆) လုံးအတွက် အိမ်ဆောက်/ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀,၃၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၂၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁,၅၂၂,၅၀၀/-)တို့ကို (၃-၄-၂၀၂၄)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းနှင့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၄-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ရပ်ကွက် (၁) ရပ်ကွက်၊ ကျေးရွာအုပ်စု(၃)စု၊ ကျေးရွာ(၇)ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁၄) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၉၀,၈၀၀/-)၊ ဘေးသင့်လူဦးရေ (၆၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၃၄,၄၀၀/-) တို့ကို (၁၂-၅-၂၀၂၄) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၅-၅-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ခြောက်ကျေးရွာအုပ်စု၊ မှတ်တိုင်ကျေးရွာအုပ်စု၊ ခွေးတောက်ချောင်းကျေးရွာအုပ်စု၊ အိုးကွဲကျေးရွာအုပ်စုနှင့် ကံဘက်ကျေးရွာအုပ်စုတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးလူနေအိမ် (၃)လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၉) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၃၉,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၁) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈၆,၁၀၀/-) တို့ကို (၁၀-၅-၂၀၂၄) ရက်နေ့တွင် အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၀-၅-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ထိန်တောကြီးကျေးရွာအုပ်စုနှင့် ရှားဖြူကျင်းကျေးရွာအုပ်စုတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးလူနေအိမ် (၁) လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၈) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၂၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃၁)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၅,၁၀၀/-) တို့ကို (၁၄-၅-၂၀၂၄) ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၄-၅-၂၀၂၄)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊မြိတ်မြို့နယ်၊မဇေ့ာကျေးရွာအုပ်စု၊ ကြေးနန်းတိုင်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့

ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၁၅-၅-၂၀၂၄) ရက်နေ့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၅-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျေးရွာအုပ်စု (၃)စုတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၈)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၉) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆၀,၉၀၀/-) တို့ကို (၁၆-၅-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၅-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျေးရွာအုပ်စု(၄)စု၊ ကျေးရွာ (၄) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၃၉) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၇၆၆,၁၀၀/-)၊ ဘေးသင့်လူဦးရေ (၁၈၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၉၆,၉၀၀/-) တို့ကို (၁၇-၅-၂၀၂၄) ရက်နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ကျေးရွာအုပ်စု (၂) စု၊ ကျေးရွာ (၂) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူ နေအိမ် (၉) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၄၀,၈၀၀/-)၊ ဘေးသင့်လူဦးရေ (၄၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၉၈,၇၀၀/-)တို့ကို(၂၄-၅-၂၀၂၄)ရက်နေ့ တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၁၆-၅-၂၀၂၄)ရက်နေ့တွင်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ သပြေစမ်းကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ်

(၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၂၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၂,၀၀၀/-) တို့ကို (၁၇-၅-၂၀၂၄)ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၅-၂၀၂၄)ရက်နေ့တွင်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဥတ္တရခရိုင်၊ဥတ္တရသီရိမြို့နယ်၊မိုးစွေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂၈) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၄၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၃၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၇၇,၂၀၀/-)၊ ဒဏ်ရာရရှိသူ (၁) ဦးအတွက် ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၇-၅-၂၀၂၄)ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၈-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကျေးရွာအုပ်စု (၃) စု၊ ကျေးရွာ (၃) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ် တစ်ပိုင်းပျက်စီးလူနေအိမ် (၁၈) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၉၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၆၈,၀၀၀/-) တို့ကို (၂၀-၅-၂၀၂၄) ရက်နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၉-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကျေးရွာအုပ်စု (၃) စု၊ ကျေးရွာ (၃) ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၄) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၆)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၃၃,၆၀၀/-) တို့ကို (၂၁-၅-၂၀၂၄) ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၀-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဆတ္တိုင်းကြီးကျေးရွာအုပ်စု၊ မြိုင်သာယာကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၉) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၁) ဦးတို့အတွက်

ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈၆,၁၀၀/-) တို့ကို (၂၁-၅-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၀-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ အောင်သီရိကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-) တို့ကို (၂၀-၅-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၀-၅-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဥတ္တရခရိုင်၊ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊မိုးစွေကျေးရွာအုပ်စု၊ ဘုရားတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ်(၁)လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၄၂) လုံးတို့အတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂,၀၉၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၆၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၅၄,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၁-၅-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၀-၅-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဆင်ဂေါင်းကျေးရွာအုပ်စု၊ လင်းလွန်းပင်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၀,၅၀၀/-)တို့ကို (၂၃-၅-၂၀၂၄) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၃-၅-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဆတ္တိုးကြီးကျေးရွာအုပ်စု၊ ဆတ္တိုးကြီးကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၈)ဦးတို့အတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၃၇,၈၀၀/-) တို့ကို (၂၄-၅-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ



(၅-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ကော့မှူးမြို့နယ်၊ သခွတ်ပင် ကျေးရွာအုပ်စု၊ သခွတ်ပင်ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁) ဦးသေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို (၇-၅-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၅-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဆင်ခြံကျေးရွာအုပ်စု၊ မွတ်သားကျေးရွာနှင့် ဥက္ကံကံကုန်းကျေးရွာတို့၌ မိုးကြိုးထိမှန်၍ လူ(၂) ဦးသေဆုံးကာသေဆုံး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-) ကို (၉-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၅-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ လွှဇာကျေးရွာအုပ်စု၊ ရွှေကျွန်းသာ ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁) ဦးသေဆုံးကာ သေဆုံး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)တို့ကို(၂၁-၅-၂၀၂၄)ရက်နေ့ တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါ သည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း သောက်သုံးရေထောက်ပံ့မှုများ



(၇-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ ရပ်ကွက်၊ ဆိပ်ကြီးအနောက်ရပ်ကွက်၊ ခနောင်တိုအရှေ့ ရပ်ကွက်နှင့် ခနောင်တို အနောက်ရပ်ကွက်တို့၌ ရာသီဥတု ပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေလိုအပ်မှုရှိသည့်ဘေးသင့်လူဦးရေ(၂၈,၃၆၄) ဦးတို့အတွက် သောက်သုံးရေ(၃၆,၀၀၀)ဂါလံတို့ကိုရန်ကုန် တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၈-၅-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရာသီဥတုပြောင်းလဲမှုကြောင့်အပူချိန်မြင့်မားမှုများဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်မှုရှိသည့် လူဦးရေ (၅၁၀၆) ဦးတို့အတွက် သောက်သုံးရေ (၄,၂၀၀) ဂါလံတို့ကို ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၅-၂၀၂၄)ရက်နေ့တွင်မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ တောင်စွန်းကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်နေသူများအတွက် သောက်သုံးရေ (၃,၂၀၀) ဂါလံတို့ကို မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၅-၂၀၂၄)ရက်နေ့တွင်မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်နေသူများအတွက် သောက်သုံးရေ (၁,၆၀၀) ဂါလံတို့ကို မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၅-၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ်၊ကလော မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ(၂၅) ခုတို့၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေလိုအပ်နေသူများအတွက် သောက်သုံးရေ (၁၅၄,၃၀၀) ဂါလံတို့ကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၅-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေလိုအပ်မှုရှိသည့် လူဦးရေ (၁၄,၅၀၅)ဦးတို့အတွက် သောက်သုံးရေ

(၁၉,၅၁၅) ဂါလံတို့ကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၅-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ရွာသာယာကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်မှုရှိသည့်လူဦးရေ(၁၅၀၀)ဦးတို့အတွက် သောက်သုံးရေ (၅,၆၀၀) ဂါလံတို့ကို မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၅-၅-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အမှတ် (၄) ရွှေဝါကုန်းရပ်ကွက်နှင့် မကျီးချောင်းကျေးရွာတို့၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန် မြင့်မားမှုများဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်မှုရှိသည့်လူဦးရေ(၂၈၆၄)ဦးတို့အတွက် သောက်သုံးရေ(၅,၆၀၀)ဂါလံတို့ကို မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၆-၅-၂၀၂၄) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာနှင့် မုတ္တမကျေးရွာတို့၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေလိုအပ်နေသူများအတွက်သောက်သုံးရေ (၆,၄၀၀) ဂါလံတို့ကို မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ သထုံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၅-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လက်ပံတပင်ကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်မှုရှိသည့်လူဦးရေ (၇၆၅) ဦးတို့အတွက် သောက်သုံးရေ (၄,၀၀၀) ဂါလံတို့ကို မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၅-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ပေါက်ကုန်းကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေလိုအပ်မှုရှိသည့် လူဦးရေ (၄၉၇) ဦးတို့အတွက် သောက်သုံးရေ(၄,၀၀၀)ဂါလံတို့ကို မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၅-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်၊ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်နှင့် အမှတ် (၅)ရပ်ကွက်တို့၌ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားမှုများ ဖြစ်ပေါ်နေပါသဖြင့် သောက်သုံးရေ လိုအပ်မှုရှိသူများအတွက် သောက်သုံးရေ (၆၈,၄၀၀) ဂါလံတို့ကို မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း ထူးခြားဖြစ်စဉ်ထောက်ပံ့မှုများ

(၂-၅-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ လေညှာရပ်ကွက်ရှိ မိုင်းနင်းဘေးသင့် ဒဏ်ရာရရှိသူ (၁)ဦး အတွက် ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) အား ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၃-၅-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ တိုက်ပွဲရှောင်အိမ်ထောင်စုများမှ လူဦးရေ (၅၃) ဦးတို့အတွက် လူတစ်ဦးလျှင် နို့ဆီဗူး(၂)ဗူးနှုန်းဖြင့် (၃)လစာ ဆန် (၄၉) အိတ်အား (၁၃-၅-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မေလအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှုများ



(၁၂-၅-၂၀၂၄)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကျောက်ကြီးချောင်း ဆီအုန်းစခန်းအနီး တောဆင်ရိုင်း ဝင်ရောက်ဖျက်စီးမှုကြောင့်သေဆုံးသူ(၁)ဦးအတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၁၆-၅-၂၀၂၄) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ်တွင် (၁၆-၅-၂၀၂၄) ရက်နေ့မှ (၁၇-၅-၂၀၂၄) ရက်နေ့အထိ သင်တန်းသားဦးရေ (၇၃)ဦးဖြင့်လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်တွင် (၂၃-၅-၂၀၂၄) ရက်နေ့မှ (၂၄-၅-၂၀၂၄) ရက်နေ့အထိ သင်တန်းသားဦးရေ (၇၇) ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။



## ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ် အသိပညာပေးသင်တန်း (Explosive Ordanance Risk Education Training) ဖွင့်လှစ်ခြင်း

**၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက်** **နေပြည်တော်**



ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလှုပ်ရှားမှုများ၊ မိုင်းနှင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ သဘောသဘာဝနှင့် အန္တရာယ်ဖြစ်နိုင်ခြေတို့ကို သိရှိနားလည်စေရန်၊ ရပ်ရွာအဖွဲ့အစည်းများအတွက် အသိပညာများ ဖလှယ်ဆွေးနွေးပေးနိုင်ရန် ရည်ရွယ်၍ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ အန္တရာယ် အသိပညာပေးသင်တန်း (Explosive Ordnance Risk Education Training) ကို ၂၀၂၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်** **မန္တလေးတိုင်းဒေသကြီး**

(၂၇.၅.၂၀၂၄)ရက်နေ့၊ နံနက်(၀၉:၀၀)နာရီတွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသက်လှိုင်ထွန်းက သင်တန်းအဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန၊

တိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)မှ ဝန်ထမ်းများ၊ ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာမှ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ လူမှုရေး အသင်းအဖွဲ့များမှ သင်တန်းသား/သူများ စုစုပေါင်း(၅၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားအား (၁၀:၄၅)နာရီအချိန်တွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။



**ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင် နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများအား လေ့လာမှုဆိုင်ရာသုတေသနစာတမ်း၏ တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း**




**၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်** **နေပြည်တော်**

အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Officials Meeting on Social Welfare and Development- SOMSWD) မြန်မာ၏ SOMSWD Work Plan (2021-2025) အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင် နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉၏ အကျိုးသက်ရောက်မှုများအား လေ့လာမှုဆိုင်ရာ သုတေသနစာတမ်းကို ASEAN Development Fund (ADF) အထောက်အပံ့ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ခုနှစ် ဇွန်လအထိ သက်ဆိုင်ရာနိုင်ငံများအလိုက် သုတေသနများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်း ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Validation Workshop for the Research on the Impact of COVID-19 on the Income Security of Rural Older People in Cambodia, Lao PDR, Myanmar and Vietnam) ကို (၂၈-၅-၂၀၂၄)ရက်နေ့တွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။




ဆွေးနွေးပွဲသို့ ASEAN Ministrerial Meetings on Social Welfare and Development-AMMSWD (Myanmar) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာဌာနအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ Regional Researcher နှင့် National Researchers များ၊ ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက In-Person ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMSWD) ၏ အလှည့်ကျဥက္ကဋ္ဌနှင့် Focal Points များ၊ အာဆီယံအလုပ်သမားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SLOM) ၏ အလှည့်ကျဥက္ကဋ္ဌတို့က Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉သည် ကမ္ဘာတစ်ဝှမ်းတွင် ထိခိုက်လွယ်အုပ်စုများအတွက် စိန်ခေါ်မှုများကိုဖြစ်ပေါ်စေခဲ့ပြီး အရှေ့တောင်အာရှ၏ ကျေးလက်ဒေသတွင် နေထိုင်သော သက်ကြီးရွယ်အိုများအတွက်လည်း ဝင်ငွေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများ အပါအဝင်အခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဤသုတေသန တွေ့ရှိချက်များသည် သက်ကြီးရွယ်အိုများအပေါ် ကိုဗစ်-၁၉၏ ဘက်ပေါင်းစုံမှ အကျိုးသက်ရောက်မှုများအား ဖော်ပြထားပြီး ထိုမှတစ်ဆင့် ထိရောက်သောမူဝါဒများချမှတ်နိုင်ရေးအတွက် အကြံပြုချက်များပါရှိပါကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင် နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှု ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုနိုင်ရေး တက်ရောက်လာသူများမှ ဝိုင်းဝန်း အကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMSWD)၏ အလှည့်ကျဥက္ကဋ္ဌကိုယ်စား ဗီယက်နမ်နိုင်ငံ၊ အလုပ်သမားနှင့်လူမှုရေးရာဝန်ကြီးဌာန၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Ha Thi Minh Duc က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ယင်းနောက် သုတေသန၏ Regional Researcher ဖြစ်သူ ဒေါက်တာခိုင်ခင်ဖြူက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင် နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများအပေါ် လေ့လာမှုဆိုင်ရာ သုတေသနစာတမ်း၏ တွေ့ရှိချက်နှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။